# မာတိကာ


| | |
|---|---|
| အမှာစာ | ၅ |
| ၁။ ရေမရှိအသက်မရှိ | ၉ |
| ၂။ ကမ္ဘာ့ရေအစ ကြယ်တံခွန်က | ၁၉ |
| ၃။ ပျက်ယွင်းရေသံသရာ | ၂၆ |
| ၄။ အမြင်၌ပေါ်များသည်ထင်ရသော်လည်း | ၃၉ |
| ၅။ လျော့နည်းရေကောင်း အကြောင်းနှင့်အကျိုး | ၄၈ |
| ၆။ မမြင်ကွယ်ရာမှရေများသည်ပင် | ၅၈ |
| ၇။ အားပျော့တံ့ဆိုင်း မြစ်ရေစီးသံ | ၇၁ |
| ၈။ အရည်ပျော်တောင်ထိပ်များ | ၈၇ |
| ၉။ ပင်လယ်ရေတကယ်ခန်း | ၉၆ |
| ၁၀။ နယ်ချဲ့ညစ်ညမ်းရေ | ၁၀၆ |
| ၁၁။ ပေါ်များပါလျက် အသောက်ခက် | ၁၂၂ |
| ၁၂။ သောက်သုံးရေအရင်းအမြစ်တစ်ခုဖြစ်လာသောရေဆိုး | ၁၃၃ |





| | |
|---|---|
| ၁၃။ ရေဝတ်လွှမ်းသူအတွက်ကုထုံး | ၁၄၀ |
| ၁၄။ အသွင်သစ်ရေဘက်ဆိုင်ရာစီမံခန့်ခွဲမှု | ၁၄၆ |
| ၁၅။ ရာသီဥတုပြောင်းလဲခြင်းနှင့်ရေ | ၁၆၀ |
| ၁၆။ ခြေရာပျောက်ရေ | ၁၆၈ |
| ၁၇။ ရေဖိုးရေခ | ၁၇၆ |
| ၁၈။ ကြည်ကြည်လင်လင်တသွင်သွင်စီးစွင့်ပေးပါ | ၁၈၄ |
| ၁၉။ အုံ့ဆိုင်းသစ်တောစီးသောရေကြည် | ၁၉၄ |
| ၂၀။ ရေရှားကမ္ဘာအတွက်အသင့်ပြင်ကြပါစို့ | ၂၀၃ |
| နိဂုံးမှတ်ချက် | ၂၁၅ |
| အကွရာစဉ်အညွှန်း | ၂၁၆ |
| မှီငြမ်းကိုးကား | ၂၂၀ |
| စာရေးသူ၏အတ္တုပ္ပတ္တိ | ၂၃၂ |


# အမှာစာ

ရန်ကုန်မြို့ရှိ ရေကူးကန်တစ်ခုတွင် ဖြစ်သည်။ အသက် ၁၆ နှစ်ခန့် လူငယ်နှစ်ယောက်သည်ရေကူးပြီးပြန်အတက်ရေချိုးခန်းထဲတွင် ရေပန်းဖွင့်ကာရေချိုးရင်း မရပ်မနားစကားပြောနေကြသည်ကို သူတို့နောက်မှရေချိုးခန်းထဲရောက်သည့် ကျွန်တော်က ကြားနေရသည်။ ကျွန်တော်ရေချိုးပြီးသော်လည်း သူတို့နှစ်ယောက်ရေပန်းအောက်တွင် စကားပြောရှုကောင်းဆဲ။ ကျွန်တော် အဝတ်လဲပြီး၍ ပြန်ထွက်သည် အထိလည်းမပြီးနိုင်သေး။ သူတို့ ရေချိုးချိန်မှတွက်လျှင်မိနစ် ၃၀ ခန့်ကြာသည်အထိစိမ်ပြေနပြေလုပ်နေသည်မှာပြီးမည့်အရိပ်အယောင် မမြင်ရချေ။ လွန်လွန်းသည်ဟုယူဆ၍ တာဝန်ရှိသူကိုသွားပြောခိုင်းမှ သူတို့ရေချိုးခန်းထဲမှထွက်လာတော့သည်။ ရေပန်းဖြင့် ရေချိုးလျှင် တစ်မိနစ်ရေနှစ်ဂါလန်နီးနီးကုန်ရာ သူတို့နှစ်ယောက်ပေါင်းသည် အနည်းဆုံးရေဂါလန် ၁၀၀ ကျော်ကိုဖြုန်းခဲ့ကြသည်။ မိသားစုငယ်တစ်စု တစ်ရက်သုံးနိုင်သည့်ရေပမာဏ ဖြစ်သည်။

ယင်းလူငယ်နှစ်ယောက်သည် ချမ်းသာသောမိဘများ၏ ရင်သွေးများဖြစ်ပြီး 'နိုင်ငံတကာအဆင့်'ဟုဆိုသောကျောင်းမျိုးတွင် တက်နေကြောင်း သူတို့ပြောစကားများအရ နားလည်ရသည်။ သို့သော် သူတို့ချိုး၍ကုန်သွားသောရေပမာဏသည်အချို့မိသားစုများအဖို့ပင်ပန်းတကြီးအချိန်များစွာအကုန်ခံ၍သယ်နေကြရသောရေပမာဏဖြစ်သည်



ကို စာနာတတ်ပုံမရချေ။ တကယ်မလိုအပ်ဘဲ သူတို့ဖြုန်းလိုက်သော ရေများ ရေချိုးခန်းထဲရောက်လာရန် ငွေအမြောက်အမြား ကုန်ကျခဲ့ရသည်ကိုလည်းကောင်း၊ ယင်းရေများသည် ရေကောင်းရေသန့်ဘဝမှ စွန့်ပစ်ရေအဖြစ် ရောက်သွားပြီး မူလရေကောင်းအဖြစ် ပြန်ရောက်ရန် ထပ်၍ငွေကုန်ကြေးကျခံသန့်စင်ရမည်ကိုလည်းကောင်း သူတို့သင်နေရသော 'နိုင်ငံတကာအဆင့်' သင်ရိုးညွှန်းတမ်းများထဲတွင် ထည့်သွင်းထားပုံမပေါ်။

အထက်ပါလူငယ်နှစ်ဦး၏ ရေဖြုန်းတီးမှုလုပ်ရပ်သည် "ရေကြည်တစ်ပေါက်"ကိုရေးသားရာ၌တွန်းအားတစ်ရပ်ဖြစ်ခဲ့သည်။ သူတို့နှစ်ဦးအပါအဝင် ရေကိုမလိုအပ်ဘဲ သုံးနေ၊ ဖြုန်းနေကြသူ လူသားများအားလုံးအတွက် ရေသယံဇာတ၏အဖိုးတန်လှပုံ၊ တစ်နေ့တစ်ခြားရှားပါးလာ၍ ရေကောင်းရေသန့်ရရှိရေးသည်ကမ္ဘာ့ထိပ်တန်းပြဿနာတစ်ခုအဖြစ် ဦးတည်ကြီးထွားလာပုံစသည်တို့ကို ကမ္ဘာ့မီဒီယာများတွင် ထောက်ပြလျှော်နေကြရာ ဤစာအုပ်သည်ယင်းမီဒီယာများထဲတွင် "တစ်စက်တစ်ပေါက်"မျှဖြစ်စေပါဝင်ရန်အားထုတ်ခဲ့သည်။

၂၀၁၂ ခုနှစ်ကစတင်ထုတ်ဝေခဲ့သော 'ရေကြည်တစ်ပေါက်' စာအုပ်ကိုအသိအမှတ်ပြုအားပေးကြသူများထဲတွင် စာဖတ်ပရိသတ်များအပြင် ကျွန်တော့်ကို ရေဘက်ဆိုင်ရာ ပညာသင်ပေးခဲ့ကြသည့် ဆရာသမားများ၊ လုပ်ဖော်ကိုင်ဖက်များလည်းပါ၍ ဝမ်းမြောက်ကျေးဇူးတင်ရသည်။

ခရီးလမ်းပန်းအဆက်အသွယ်မလွယ်သည့်ရွာတစ်ရွာသို့ အင်(န်)ဂျီအိုအဖွဲ့တစ်ခုက ရေအကြောင်းသွားရောက်ဟောပြောရာ 'ရေကြည်တစ်ပေါက်' ဖတ်ထားသည့် ရွာသားအချို့က ရေအကြောင်းကို ဟောပြောသူများနှင့်အချက်ကျကျပြန်လည်ဆွေးနွေးနိုင်ကြောင်း သိရသောအခါတွင်လည်း များစွာကြည်နူးမှုဖြစ်ရပြန်သည်။



အမှတ်ထင်ထင်အဖြစ်ရဆုံးမှာ ကွယ်လွန်သူ ဆရာမကြီး ပါမောက္ခဒေါက်တာဒေါ်မြင့်မြင့်ခင်၏အားပေးစကားဖြစ်သည်။ ဆေးပညာလောကတွင် 'မာမီကြီး'ဟု တလေးတစားအခေါ်ခံရသူ ဆရာမကြီးသည် သိပ္ပံစာပေကိုအထူးအားပေးမှန်းကြားသိခဲ့သဖြင့် လူချင်းတွေ့၍ ဂါရဝပြုရန်အာသီသရှိသော်လည်း အချိန်အတန်ကြာသည်အထိ မဖြစ်မြောက်ခဲ့။

'ရေကြည်တစ်ပေါက်'ပထမအကြိမ်ထုတ်ဝေပြီး တစ်နှစ်ကျော်အကြာတွင် ဆရာမကြီးက ကျွန်တော်နှင့်တွေ့လိုကြောင်း အခေါ်လွှတ်၍ ဝမ်းမြောက်ဝမ်းသာသွားရောက်တွေ့ဆုံခဲ့သည်။ ကျန်းမာရေးအခြေအနေကြောင့် ဆေးရုံတက်နေရသည့်ဆရာမကြီးက 'ရေကြည်တစ်ပေါက်'သည် သူအနှစ်သက်ဆုံးစာအုပ်များထဲတွင် ပါဝင်ကြောင်း ပြောသည်ကို ကြားရသောအခါပေါ်ပေါက်လာသည့်ပီတိသည် ဤစာအုပ်အမျိုးသားစာပေဆုရကြောင်းသိရသည့်အခါကဖြစ်ပေါ်ခဲ့သော ပီတိထက်လျော့မည်တော့ မဟုတ်ပါ။

'ရေကြည်တစ်ပေါက်'ကို တတိယအကြိမ်ထုတ်ဝေပြီးနောက် စတုတ္ထအကြိမ်ထုတ်ဝေရန်စီစဉ်သောအခါနောက်ဆုံးရအချက်အလက်နှင့်ကိန်းဂဏန်းများကို ဖြည့်တန်ဖြည့် ပြင်တန်ပြင်ဖြင့် ပြန်လည်တည်းဖြတ်ထားသည့်အပြင် စာအုပ်၏ရည်ရွယ်ချက်ကိုလည်း အနည်းငယ်ပြောင်းလဲထားပါသည်။

ယခင်အကြိမ်ထုတ်များတွင်ပါရှိခဲ့သော ရေရှားပါးလာနေမှုကို အများပြည်သူသတိပြုမိလာစေရန်ရည်ရွယ်ချက်အပြင် ယင်းရေအခက်အခဲကိုဖြေရှင်းရာတွင် သမားရိုးကျနည်းလမ်းများဖြင့်သာမက ပြောင်းလဲလာသည့်အခြေအနေနှင့် လိုက်လျောညီထွေရှိသည့် အတွေးအခေါ်သစ်၊ လုပ်ဆောင်ချက်အသစ်များကိုပါ လက်ခံစဉ်းစားလိုက်နာစေလိုသည့်လှုံ့ဆော်ချက်များကိုထပ်တိုးထည့်သွင်းထားပါသည်။



ဤစာအုပ်သည် ရေအကြောင်းစိတ်ဝင်စားသည့် စာဖတ်ပရိသတ်တိုင်းကို အဓိကဦးတည်သော်လည်း စာအုပ်ပါ အကြောင်းအရာများကို ပိုမိုကျယ်ပြန့်စွာသိရှိလိုသူများ၊ ရေဘက်ဆိုင်ရာပညာရှင်များ ဆက်လက်လေ့လာနိုင်ရန် ကျွန်တော် လေ့လာ ကိုးကား မှီငြမ်းအချက်အလက်ရယူခဲ့သည့် စာအုပ်များ၊ အစီရင်ခံစာများ၊ သုတေသနစာတမ်းများ၊ ဝက်ဘ်ဆိုက်များကိုပါ ဖော်ပြထားပါသည်။ သိလိုသောအကြောင်းအရာကို အလွယ်တကူရှာဖွေနိုင်ရန် အက္ခရာစဉ်အညွှန်းကိုလည်း ထည့်သွင်းထားပါသည်။

ရေးသားနိုင်ရန် အထောက်အပံ့ပေးခဲ့ကြသော မိဘ ဆရာသမားများ၊ မိသားစုဝင်များ၊ ဆည်မြောင်းညွှန်မှူး(ငြိမ်း) ဦးအေးမြင့်အပါအဝင်ကလျာဏမိတ္တများ၏ကျေးဇူးကိုအလေးအမြတ်ပြုကြောင်း ဖော်ပြအပ်ပါသည်။

ကျော်ဦး